**CHIN NATIONAL FRONT**
General Headquarters, Chinland
www.chinland.org

# ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့တွင် ကျင်းပပြုလုပ်မည့်အထွေထွေရွေးကောက်ပွဲအပေါ် ချင်းအမျိုးသားတပ်ဦး၏ သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ။ ။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ (၄) ရက်နေ့

၁။ ရွေးကောက်ပွဲသည် ဒီမိုကရေစီစနစ်၏ အခြေခံအုတ်မြစ်တရပ်ဖြစ်ပြီး လူတစ်ဦးချင်းစီ၏ ဆန္ဒဖော်ထုတ်နိုင် သည့် အခွင့်အလမ်းလည်းဖြစ်သည်။ ထို့ကြောင့် ၂၀၁၅ နိုင်ဝင်ဘာလ (၈) ရက်နေ့တွင် ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲကို ချင်းအမျိုးသားတပ်ဦးအနေဖြင့် ကြိုဆိုသည်။

၂။ ချင်းအမျိုးသားတပ်ဦးသည် ချင်း တမျိုးသားလုံး၏ အကျိုးစီးပွားကို တစိုက်မတ်မတ် ဆောင်ရွက်နေသည့် အဖွဲ့ အစည်းဖြစ်သည်နှင့်အညီ ပါတီနိုင်ငံရေးတွင် မိမိကိုယ်တိုင်ပါဝင်ပတ်သက်ခြင်း မရှိသော်လည်း ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲတွင်မူ ချင်းအမျိုးသားတပ်ဦး၏ ပြည်တွင်းငြိမ်းချမ်းရေး ဖြစ်စဉ်နှင့် ပါတီ၏မူဝါဒ ပေါ်လစီ များကို ထောက် ခံသည့် နိုင်ငံရေးပါတီများအား ထောက်ခံ အားပေးသွားမည်။

၃။ ထို့အပြင် ချင်းအမျိုးသားတပ်ဦးအနေဖြင့် အမျိုးသားအကျိုးစီးပွားဆောင်ရွက်ရာတွင် မည်သည့်နိုင်ငံရေးပါတီကိုမျှ မျက်နှာသာပေးခြင်း၊ ဆန့်ကျင်ကန့်ကွက်ခြင်း မရှိဘဲ နိုင်ငံရေးပါတီအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးမူနှင့် ပူးပေါင်းလက်တွဲရေးမူကို ကိုင်စွဲကျင့် သုံးသည်။

၄။ ၂၀၁၅ ခုနှစ်၊ နိုင်ဝင်ဘာလ (၈)ရက်နေ့တွင် ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပြီး တရား မျှတမှုရှိသော ရွေးကောက်ပွဲဖြစ်နိုင်ရန်အတွက် အစိုးရအပါအဝင် ပါဝင်သက်ဆိုင်သူအားလုံးမှ ဝိုင်းဝန်းလုပ်ဆောင်ကြ ပါရန် တိုက်တွန်းကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားတပ်ဦး